## အသိပေးကြေညာခြင်း

၁။ အော်စလိုမြို့၊ မြန်မာသံရုံးအနေဖြင့် နော်ဝေနိုင်ငံရောက် မြန်မာနိုင်ငံသား များကို နိုင်ငံကူးလက်မှတ် သက်တမ်းတိုးများ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ပေး လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်-

- အော်စလိုမြို့၊မြန်မာသံရုံးရှိ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစက်မှာ ချို့ယွင်းနေခြင်းကြောင့် သံရုံးမှ ဂျာမဏီသို့ ပို့ဆောင်ပြုပြင်ရန် ဆောင်ရွက်ထားပါသည်-
- ပြုပြင်ထားသည့် ကာလတွင် နော်ဝေရှိ မြန်မာနိုင်ငံသားများ နိုင်ငံကူး လက်မှတ် သက်တမ်းတိုးရေး အဆင်ပြေချောမွေ့စေရန် လန်ဒန်မြို့သို့ စာတိုက်မှ တစ်ဆင့် ပေးပို့သက်တမ်းတိုးရေး လန်ဒန်မြို့ရှိ မြန်မာသံရုံး နှင့် ညှိနှိုင်းခဲ့ပါသည်။
- မြန်မာသံရုံးမှ အချိန်မီဆောင်ရွက်ပေးလျက်ရှိပါသဖြင့် အချိန်ကြန့်ကြာမှု မရှိစေရန်နှင့် မလိုလားအပ်သည့် ပြဿနာများကို ရှောင်ရှားနိုင်ရန် အတွက် ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်ဆောင်ရွက်ခြင်း များ ပြုလုပ်နိုင် ပါ ရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊လန်ဒန်မြို့တွင် သက်တမ်းတိုးနိုင်ရေးအတွက် အောက် ပါ တို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်-

- အော်စလိုမြို့၊မြန်မာသံရုံးသို့ **သံအမတ်ကြီးထံလိပ်မူထားသည့် ကိုယ်ရေး စာ၊ ကိုယ်ရေးမှတ်တမ်း(ဓာတ်ပုံကပ်၍)၊ နော်ဝေနိုင်ငံ သို့ဝင်ရောက် ခဲ့သည့် ပြည်ဝင်ဗီဇာမိတ္တူ၊ သက်တမ်းရှိ နေထိုင်ခွင့် (Residence card မိတ္တူ) ၊ နိုင်ငံကူး လက်မှတ် မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကဒ်ပြားမိတ္တူ၊ ခင်ပွန်း သည်၏ နိုင်ငံကူး လက်မှတ်မိတ္တူ (နိုင်ငံခြားသားဖြင့် လက်ထပ် ထားပါ က)၊ အပြန် လေယာဉ်စရိတ် ခရိုနာ ၇၀၀၀/-(နိုင်ငံခြားသားဖြင့် လက်ထပ် ထားပါက)နှင့် အပြန်လေယာဉ်စရိတ် ပေးသွင်းပြီးကြောင်း အထောက် အထား** တို့ကို အစုံအလင်ပူးတွဲ တင်ပြလျှောက်ထားရပါမည်။

- ထို့နောက် ပေးပို့လာသည့် စာရွက်စာတမ်းများကို စစ်ဆေးပြီး မှန်ကန် ပါ က အော်စလိုမြို့၊မြန်မာသံရုံးမှ မြန်မာသံရုံး၊လန်ဒန်သို့ ရုံးစာဖြင့် တရား ဝင်အကြောင်းကြားခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လေယာဉ် စရိတ် ပေး သွင်းထားသူများကို လက်ခံရရှိကြောင်းပြေစာ ထုတ်ပေးခြင်းနှင့် လန်

ဒန်မြို့၊ မြန်မာသံရုံးသို့ နိုင်ငံကူးလက်မှတ်မူရင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းများ ပေးပို့နိုင်ပြီးဖြစ်ကြောင်း ကာယကံရှင်ထံသို့ အကြောင်းကြားပါမည်။ သံရုံးမှ အကြောင်းကြားမှုလက်ခံ ရရှိပြီဆိုပါက လန်ဒန်သို့ မိမိတို့ကိုယ်တိုင် စာရွက်စာတမ်းအပြည့်အစုံဖြင့် ပေးပို့သွားရမည်ဖြစ်ပါသည်။ အသေးစိတ်အား မြန်မာသံရုံး၊ လန်ဒန်၏ ဝက်ဘ်ဆိုဒ် စာမျက်နှာ (www.londonemabssy.com) တွင် ဖတ်ရှုနိုင်ပါသည်။

- မရှင်းလင်းသည်များကို ကောင်စစ်ဌာနခွဲ ဖုန်းနံပါတ် +၄၇ ၂၁၅၁ ၅၇ ၅၉ သို့ဆက်သွယ်မေးမြန်း နိုင်သကဲ့သို့ email (myanmarembassyoslo@gmail.com) မှတစ်ဆင့်လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

- သိရှိလိုသည်များကို လျှောက်ထားသူကိုယ်တိုင်မှ တယ်လီဖုန်း သို့မဟုတ် email မှတစ်ဆင့် ဆက်သွယ်မေးမြန်းပါရန် နှင့် ကြားဝင်ဆောင်ရွက်သူ (သို့မဟုတ်) ပွဲစားဖြင့် ကြားခံ မေးမြန်းဆောင်ရွက်ခြင်းများ မပြုပါရန် ထပ်လောင်း မေတ္တာရပ်ခံအပ်ပါသည်။

****အချို့ ကိစ္စရပ်များတွင် သံရုံးမှ လိုအပ်ပါက ဖော်ပြပါ စာရွက်စာတမ်းများအပြင် ထပ်မံတောင်းခံသည့် စာရွက်စာတမ်းများ တင်ပြနိုင်ရပါမည်။****

****လျှောက်ထားသူမှ အော်စလိုမြို့၊ မြန်မာသံရုံးသို့ ပေးပို့ခဲ့သည့် စာရွက်စာတမ်းများကို သံရုံး၏မှတ်တမ်း ဖိုင်တွင် သိမ်းစည်းထားရှိ မည်ဖြစ်ပါသည်။*****

****နိုင်ငံကူးလက်မှတ်များ လန်ဒန်မြို့သို့ ပေးပို့ခြင်းကို သံရုံးမှ လုပ်ဆောင်ပေးမည်မဟုတ်ပါကြောင်းနှင့် မိမိတို့ အစီအစဉ်ဖြင့်သာ ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။****

****အော်စလိုမြို့၊မြန်မာသံရုံးရှိ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစက် ပြန်လည်ကောင်းမွန်ပါက အော်စလိုမြို့တွင် နိုင်ငံကူးလက်မှတ်များ ပြန်လည် ထုတ်ပေးမည်ဖြစ်ပြီး သံရုံး ဝက်ဘ်ဆိုဒ်စာမျက်နှာတွင် အကြောင်းကြားသွား မည်ဖြစ်ပါသည်။*****

မြန်မာသံရုံး၊အော်စလိုမြို့
၂၀၁၈ခုနှစ် စက်တင်ဘာလ ၃၁ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
067
OSLO